# CVT Newsletter

CVT myanmar

Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

စာစဉ် ၅၂၊ ဇူလိုင်လ၊ ၂၀၂၀




အရည်အသွေး ဆိုင်ရာ စွမ်းဆောင်ချက်များ စာ - ၁





ကျွမ်းကျင်မှု ဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ စာ - ၂





အလုပ်သင်/ ကုမ္ပဏီများ၏ စကားသံ စာ - ၃





CVT နှင့် ပူးပေါင်းဆောင် ရွက်သော မိတ်ဖက်များ စာ- ၃


"ကျွန်မအနေနဲ့ပြောရရင် မူကြိုမှအစပြုပြီး ကောလိပ်ရောက်သည့်တိုင်အောင် အဆင့်ဆင့်တက်ရောက်သင်ကြားရသည့် ပညာရေးစနစ်တစ်ခု ခိုင်ခိုင်မာမာရှိရန် လိုအပ်သလို လူငယ်များ၏ အနာဂတ် အလုပ်အကိုင်အတွက် အထက်တန်းကျောင်းများနှင့် ကောလိပ်များမှာ နည်းပညာ အတတ်ပညာသင်တန်းများ ပို့ချစေကာ တကယ့် အလုပ်သင်များအဖြစ် ပြင်ဆင်ပေးနိုင်မည့် ပညာရေးအမျိုးအစားများ ပိုမိုများပြားစွာ ရှိစေချင်ပါတယ်"

-HILLARY CLINTON-

## အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ

### တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမား စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများလာရောက် စစ်ဆေးခြင်း









တစ်ကမ္ဘာလုံးဆိုင်ရာCOVID-19ကပ်ရောဂါကြောင့်CVTMyanmarအနေဖြင့်မတ်လနောက်ဆုံးအပတ်မှစတင်၍သင်တန်းများရပ်ဆိုင်းထားရပြီး COVID-19 ထိန်းချုပ်မှု ကာလအတွင်း သင်တန်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ခဲ့ပြီး စစ်ဆေးခံရန်အတွက် လျှောက်ထားခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမား စစ်ဆေးရေး ဦးစီး ဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လာရောက် စစ်ဆေးခဲ့ကြပါသည်။ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လမ်းညွှန်ချက်များနှင့်အညီ ဇူလိုင်လ (၂၇) ရက်များတွင် အတန်းဟောင်းများနှင့် ဩဂုတ်လ ပထမပတ်တို့တွင် အတန်းသစ်များအား စတင် ဖွင့်လှစ်လျှက်ရှိပါသည်။

### CVT Myanmar မှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား အင်္ဂလိပ်စာ စွမ်းရည်မြှင့် သင်တန်းပို့ချခြင်း



၂၀၂၀ ခုနှစ် မတ်လမှ စတင်ကာ CVT Myanmar မှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား အင်္ဂလိပ်စာ စွမ်းရည်မြှင့် အရည်အသွေး မြှင့်တင်ပေးရန် ရည်ရွယ်၍ သင်တန်းများကို ပို့ချခဲ့ရာ COVID-19 ကပ်ရောဂါကြောင့် သင်တန်းများ ခဏတာ ရပ်နားခဲ့ပြီး ယခုလ ဇူလိုင်လမှ ပြန်လည် ဖွင့်လှစ်သင်ကြားပေးလျှက် ရှိနေပါသည်။



## အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ

### CVT Myanmar ၏ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၏ ကျောင်းသူ/သား သစ်များအတွက် ရည်ရွယ်၍ ဘာသာရပ် မိတ်ဆက်သင်တန်း ကျင်းပခြင်း



၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ဩဂုတ်လ ၄ ရက်နေ့တွင် ဖွင့်လှစ်မည့် သက်မွေးသင်တန်းများ၏ လုပ်ငန်းခွင် အကြို သင်တန်းကို တက်ရောက်မည့် ကျောင်းသား/သူများ အတွက် CVT Myanmar အကြောင်းနှင့် သင်ကြားမည့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပေးသည့် အစီအစဉ်များကို အဖွဲ့များခွဲ၍ ဇူလိုင်လ ၂၅၊ ၂၆ နှင့် ၃၀ ရက်များတွင် ပြုလုပ်ကျင်းပခဲ့ကြပါသည်။



## CVT Myanmar တွင် အခမဲ့ အွန်လိုင်းသင်တန်းများ ဖွင့်လှစ်ခြင်း









CVT Myanmar မှ ဆရာ/မများသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နေစဉ်ကာလအတွင်း လူငယ်လူရွယ်များအတွက် အသိပညာ အတတ်ပညာများကို ဖြန့်ဝေသည့် ရည်ရွယ်ချက်ဖြင့် အခမဲ့ အွန်လိုင်းသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ဇွန်လအတွင်းတွင် အထွေထွေပညာရေးဌာနမှ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုသင်တန်း၊ လျှပ်စစ်နှင့် သက်ဆိုင်သော သင်တန်း၊ သတ္တုပညာနှင့် သက်ဆိုင်သော သင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းနှင့် ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းများကို အွန်လိုင်းမှ Zoom Application အသုံးပြု၍ သင်ကြားပို့ချပေးခဲ့ရာ စိတ်ဝင်စားသူ စုစုပေါင်း ထောင်ကျော်ခန့် စာရင်းပေးလျှောက်ထားခဲ့ကြပါသည်။

## သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်း၏ လုပ်ဆောင်ချက်များ






လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နေစဉ် ကာလအတွင်း လူငယ် လူရွယ်များအတွက် သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာ သင်တန်းမှ ဆရာ ဦးဘိုဘိုမင်းလှိုင်ဦးနှင့် ဆရာ ဦးစောမင်းအောင် တို့သည် သတ္တုနှင့်ပတ်သက်သော အသိပညာ/အတတ်ပညာများကို "သတ္တုနည်းပညာ ကျွမ်းကျင်သူများ ကမ္ဘာကို ဦးဆောင်နေသည်" ဆိုသည့် ခေါင်းစဉ်ဖြင့် ဇူလိုင်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့တို့တွင် အွန်လိုင်းမှ Zoom Application အသုံးပြု၍ လူငယ်လူရွယ်များ ဗဟုသုတရစေရန် ရည်ရွယ်၍ အွန်လိုင်းသင်တန်းကို အခမဲ့သင်ကြား မျှဝေခဲ့ပါသည်။ သတ္တုပစ္စည်း ထုတ်လုပ်မှု အတတ်ပညာ ကာလတို သုံးလသင်တန်း၏ ပထမ အပတ်စဉ် (၁) ကို ဩဂုတ်လ ပထမပတ်တွင် စတင် ဖွင့်လှစ်တော့မည် ဖြစ်သည်။

## ပရိဘောဂ အတတ်ပညာသင်တန်း၏ လုပ်ငန်းခွင်အကြိုသင်တန်းအပတ်စဉ် (၁) ဖွင့်လှစ်ခြင်း



ပရိဘောဂ အတတ်ပညာသင်တန်း၏ လုပ်ငန်းခွင်အကြိုသင်တန်း အပတ်စဉ် ၁ ကို ဇူလိုင်လ ၂၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းကာလသည် ၂ လ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သစ်နှင့်ပတ်သက်သော အခြေခံပရိဘောဂ တည်ဆောက်မှုများ၊ ပရိဘောဂနှင့် ပတ်သက်သော အခြေခံ Design များ၊ အတိုင်းအတာများ၊ လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာများ ရရှိမည် ဖြစ်ပြီး လုပ်ငန်းခွင်နှင့် သက်မွေးပညာ ပေါင်းစပ်သင်ကြားခြင်း သင်တန်းကို ဆက်လက် တက်ရောက်ခွင့်ရမည် ဖြစ်ပါသည်။ ဒုတိယ အပတ်စဉ် (၂) အနေဖြင့် ဩဂုတ်လ (၁၀) ရက်နေ့တွင် အတန်းသစ် တစ်တန်း ထပ်မံ တိုးမြှင့် ဖွင့်လှစ်မည်ဖြစ်ပါသည်။

## သက်မွေးအကြိုသင်တန်း၏ လုပ်ဆောင်ချက်များ




သက်မွေးအကြိုသင်တန်းကျောင်းသည် ပုံမှန်အားဖြင့် ဧပြီလတွင် ကျောင်းတက်မည့် ကျောင်းသား/သူများ အိမ်သို့ လှည့်ပတ်လေ့ရှိပြီး ကျောင်းသား/သူများ၏ အမှန်တကယ် နေထိုင်မှုပုံစံနှင့် ဘဝ အခြေအနေများကို လေ့လာမှတ်သားခဲ့ပြီး ထိုကျောင်းသားများထဲမှ တက်ရောက်ခွင့်ရသော ကျောင်းသားများကို ရွေးချယ်သွားမည်ဖြစ်သည်။ နှစ်စဉ် မေလစာသင်နှစ်တွင် ပထမဖွင့်လှစ်ရန် စီစဉ်ထားရှိပေမယ့် COVID-19 အရ ကျောင်းကို ဖွင့်လှစ်ရန် ရွှေ့ခဲ့ရပါသည်။ ယခုအချိန်အခါသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ သက်မွေးအကြိုသင်တန်း၏လက်ရှိကျောင်းသား/သူများနှင့်လည်း ဆက်သွယ်နိုင်ရန်အတွက် ဖုန်းသော်လည်းကောင်း၊ လူမှုရေး မီဒီယာများမှသော်လည်းကောင်း အဆက်အသွယ်မပြတ် ရှိခဲ့ပါသည်။ ဇွန်လတွင် သက်မွေးအကြိုသင်တန်းမှ ဆရာ/မများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အစီအမံများနှင့်အညီ ကျောင်းပြန်လည်ဖွင့်လှစ်ရန်အတွက် အွန်လိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် စာသင်ခန်းများ ကြိုတင်ပြင်ဆင်ခြင်း၊ ထိုင်ခုံများနှင့် စာသင်ခန်းများ၌ ထားရှိမည့် စားပွဲများနှင့်လိုအပ်သော အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများသည် ကျောင်းဖွင့်ရန် အဆင်သင့်ဖြစ်စေဖို့ လုပ်ဆောင်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်း စာသင်ခန်းမှ ပရိဘောဂပစ္စည်းများအတွက် လှူဒါန်းခဲ့ကြသည့် ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်များကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## အလုပ်သင် ကုမ္ပဏီ၏ စကားသံ




ကျွန်တော်၏ ဝန်ထမ်းများသည် ယခုအခါ CVT Myanmar သင်တန်းကျောင်းတွင် ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းအသီးသီးတို့တွင် တက်ရောက် ပညာသင်ယူနေကြပါသည်။ သူတို့သည် ကျွမ်းကျင်မှုများ ရရှိလာသည်သာမက အတွေးအခေါ် အမြော်အမြင်များပါ ပိုမိုတိုးတက်လာကြောင်း တွေ့မြင်ရခြင်းအားဖြင့် ကုမ္ပဏီများအတွက်လည်း များစွာ အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် CVT သည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ဆက်လက်၍ ပါဝင် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ဦးသော်ဇင်
အုပ်ချုပ်မှုဒါရိုက်တာ
Linear Power International Co., Ltd

## အလုပ်သင် သင်တန်းသား၏ စကားသံ

CVT Myanmar တွင် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းမှ သင်တန်းသားဖြစ်ရသည့်အတွက် အလွန် ဂုဏ်ယူမိပါသည်။ လျှပ်စစ်သင်တန်းတွင် စာတွေ့ရောလက်တွေ့ပါ သင်ကြားခွင့်ရသည့်အတွက် ပညာများနှင့် ဗဟုသုတများရရှိပါသည်။ ကျွန်တော်တို့ ယခု သင်ကြားနေရသော ပုံစံသည် တခြား သက်မွေးပညာသင်ကြားပေးသော နိုင်ငံများကဲ့သို့ အလုပ်လုပ်ရင်း ကျောင်းတက်ခွင့်ရသည့်အတွက် မိမိလုပ်ငန်းခွင်တွင် ကျွမ်းကျင်မှုများ များစွာ တိုးတက်လာခဲ့ပါသည်။ ယခုသင်တန်းကို တက်ရောက်ပြီး လျှပ်စစ်နှင့် သက်ဆိုင်သော ပုဂ္ဂလိကလုပ်ငန်းတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ဝန်ထမ်းကောင်း တစ်ယောက်အဖြစ် လုပ်ဆောင်နေပါသည်။ CVT Myanmar ကို တက်ရောက်ရခြင်းမှာ မိမိဘဝရပ်တည်မှုအတွက် ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်ချင်တဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်ချင်ပါသည်။ ကျွန်တော့်ဘဝ ရည်မှန်းချက် အကောင်အထည် ဖော်ခွင့်ရအောင် သင်ကြားပို့ချပေးခဲ့တဲ့ CVT Myanmar သင်တန်းကျောင်းနှင့် ဆရာ/မများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဆန္ဒအောင်
EL 15 B
ဒုတိယနှစ်



## CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ

### Mickey's Real Wood Upcycled Furniture နှင့် CVT Myanmar ဒုတိယအကြိမ်မြောက် နားလည်မှု စာချွန်လွှာရေးထိုးခြင်း



၂၀၂၀ ခုနှစ်အတွက် Mickey's Real Wood Upcycled Furnitures နှင့် CVT Myanmar တို့သည် Upcycle Project Training Course for beginner ကာလတိုသင်တန်းများအတွက် ပူးပေါင်းသဘောတူညီချက်ကို ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူညီစာချုပ်အရ ကာလတိုသင်တန်းများကို ၂၀၂၀ ခုနှစ်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထိုသင်တန်းတွင် စိတ်ပါဝင်စားသော လူငယ်များ/လူကြီးများ လေ့လာလိုသူ မည်သူမဆို အခြေခံ Upcycle Project Training Course ဆိုင်ရာ အသိပညာ/အတတ်ပညာများ တက်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**Office**
No. 27, Corner of Arnandar Pagoda Street and Maygawaddy Kyaung Street, Bawamyint Quarter, Thingangyun Township, Yangon.
Ph : 95-9-73166206

www.cvt-myanmar.com
www.cvt-myanmar.org
Email: - info@cvtmyanmar.com
- pc@cvtmyanmar.com
GoogleMap: - CVT Myanmar PTC
- Vocational Orientation Program-E4Y, Yangon
Layout Design by Yamin Aye

Center for Vocational Training
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း